# လူသားချင်းစာနာမှုဆိုင်ရာ သတင်းလွှာ
## မြန်မာနိုင်ငံ

စာစဉ် ၁၂ | ၁-၃၁ ဒီဇင်ဘာ ၂၀၁၄

OCHA



စစ်တွေ၊ အောင်မင်္ဂလာရပ်ကွက်မှ မိန်းကလေးတစ်ဦး၊ ဇွန် ၂၀၁၄။ ဓာတ်ပုံ- OCHA

### ဤစာစဉ်တွင်

ကချင် ယာယီစခန်းတွင် မီးလောင်မှုဖြစ်ပွား စာ-၁
၂၀၁၅တွင် လူ ၅၀၀,၀၀၀ အကူအညီလိုအပ် စာ-၂
ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှုအားဖြည့်ဆောင်ရွက် စာ-၃
၂၀၁၄ လူသားချင်းစာနာမှုဆိုင်ရာ ရန်ပုံငွေ စာ-၄

## အဓိက အချက်များ

- ကချင်ယာယီစခန်းတွင် မီးလောင်ကျွမ်းပြီးနောက် နေရပ်စွန့်ခွာသူ ၄၅၀ ဦး အကူအညီလိုအပ်နေ
- ၂၀၁၅ ခုနှစ်အတွက် လူသားချင်းစာနာမှု တုံ့ပြန်ရေးစီမံကိန်းတွင် လူ ၅၀၀,၀၀၀ ကျော်အား အကူအညီပေးရန် ဦးတည်ထား
- အစိုးရမှ အရေးပေါ် စီမံခန့်ခွဲရေးစင်တာဖြင့် သဘာဝဘေး ပြင်ဆင်ရေးကို ပိုမိုအားကောင်းစေ
- ၂၀၁၄ ခုနှစ်အတွက် လူသားချင်းစာနာမှု ရန်ပုံငွေ ၅၉% ရရှိပြီး

## အဓိက ကိန်းဂဏန်းများ

| | |
|---|---|
| ရခိုင်တွင် နေရပ်စွန့်ခွာ တိမ်းရှောင်သူများ | ၁၃၉,၀၀၀ |
| ကချင်နှင့် ရှမ်းမြောက်တွင် နေရပ်စွန့်ခွာ တိမ်းရှောင်သူများ | ၉၈,၀၀၀ |
| မွန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာတွင်နေရပ်စွန့်ခွာ တိမ်းရှောင်သူများ | ၃,၃၀၀ |

## ရန်ပုံငွေ

၁၉၂ သန်း
(အမေရိကန်ဒေါ်လာ)
တောင်းခံထား

၅၉% ရရှိပြီး

ကိုးကား - UNHCR၊ OCHA၊ CCCM၊ မွန္တလေးတိုင်းဒေသကြီး အစိုးရ

# ကချင်ပြည်နယ်ရှိ ယာယီစခန်းတစ်ခုမှ အိမ် ၈၈ လုံး မီးလောင် ပျက်စီး

ဒီဇင်ဘာ ၂၉ ရက်နေ့က ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်ရှိ စင်းကြိုင်ယာယီစခန်းတွင် လျှပ်စစ်မီးမှတစ်ဆင့် မီးလောင်မှုတစ်ခု ဖြစ်ပွားခဲ့သည်။ ထိုမီးကြောင့် အိမ်ထောင်စု ၈၈ ခုမှ လူ ၄၅၀ ဦး ကျော်ဘေးဒုက္ခသင့်ခဲ့ပြီး အိမ်နှင့် အခြားပိုင်ဆိုင်မှုများ ဆုံးရှုံးခဲ့ရသည်။ ယင်းတို့မှာ စင်းကြိုင်စခန်းတွင် နေထိုင်သည့် မိသားစုအားလုံး၏ တစ်ဝက်ခန့်ရှိသည်။

မီးခိုရာနေရာဆုံးရှုံးသွားကြသူများသည် လတ်တလောတွင် စခန်းတွင်း ကျန်ရှိသော အိမ်များမှ မိသားစုများနှင့်လည်းကောင်း၊ အများနှင့်သက်ဆိုင်သော နေရာများတွင် လည်းကောင်းနေထိုင်လျက်ရှိကြသည်။ ဆောင်းရာသီ ဖြစ်သည့်အတွက် မီးခိုရာနေရာအသစ်များ အရေးပေါ်လိုအပ်သည်။

**မီးဘေးသင့်သူများ၏ လိုအပ်ချက်ကို တုံ့ပြန်ခြင်း**

မီးလောင်ကျွမ်းမှုဖြစ်ပွားပြီး ရက်ပိုင်းအတွင်း ကချင်ပြည်နယ်အစိုးရအပါအဝင် ဒေသခံနှင့် နိုင်ငံတကာ လူသားချင်းစာနာမှုအဖွဲ့များက အကူအညီများပေးအပ်ခဲ့သည်။ ယင်းတို့တွင် ဆောင်းဝတ်ထည်များနှင့် ဆောင်းတွင်းသုံးပစ္စည်းများ (စောင်၊ တာပေါ်လင်၊ ခြင်ထောင်နှင့် ဖျာ)၊ မြန်မာနိုင်ငံ ကြက်ခြေနီအဖွဲ့နှင့် အစိုးရ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနတို့မှ ပေးအပ်သည့် တစ်ကိုယ်ရည် ကျန်းမာရေး၊ သန့်ရှင်းရေးသုံးနှင့် မိသားစုသုံးပစ္စည်းများ ပါဝင်သည်။ ကနဦးအစားအစာအကူအညီ (ဆန်၊ ပဲ) တို့ကို ထိုဒေသရှိ နယ်ခြားစောင့်တပ်က ပေးအပ်ခဲ့သော်လည်း နောက်ထပ် အစားအစာအကူအညီလိုအပ်နေသေးသည်။ UNHCR ကလည်း အရေးပေါ်ယာယီတဲများနှင့် စောင်များကို ဘေးဒုက္ခသင့်မိသားစုများအတွက် ရန်ကုန်မှ ပေးပို့ခဲ့သည်။



ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်ရှိ စင်းကြိုင်ယာယီစခန်းတွင် အိမ် ၈၈ လုံး မီးလောင် ပျက်စီးခဲ့သည်၊ ၂၉ ဒီဇင်ဘာ။ ဓာတ်ပုံ - OCHA

ယာယီစခန်းအတွင်းရှိ ကျန်းမာရေးဆေးပေးခန်းတစ်ခုနှင့်အတူ ဆေးဝါးပစ္စည်းများလည်း မီးလောင်ပျက်စီးခဲ့သည်။ လူသားချင်းစာနာမှုအဖွဲ့များသည် ယင်းပစ္စည်းများကို ပြန်လည်ဖြည့်တင်းပေးရန် ဆောင်ရွက်လျက်ရှိသည်။ အိမ်သာများနှင့် ရေချိုးခန်းအချို့လည်း မီးလောင်ပျက်စီးခဲ့သဖြင့် အသစ်ပြန်လည်ဆောက်လုပ်ပေးရန် လိုအပ်ပေမည်။ ဘေးဒဏ်သင့်မိသားစုများသည် မီးလောင်မှုအတွင်း ဆုံးရှုံးသွားသည့် အိမ်တွင်းစိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်းကိရိယာများကိုလည်း လိုအပ်လျက်ရှိသည်။ စင်းကြိုင်စခန်းမှ မူလ တန်းကျောင်းသား ၈၃ ဦးတက်ရောက်နေသည့် ယာယီစခန်းအပြင်ဘက်မှ ကျောင်းမှာ မီးဒဏ်ခံခဲ့ရခြင်း မရှိပေ။

# ၂၀၁၅ ခုနှစ်တွင် လူ ၅၀၀,၀၀၀ ကျော် လူသားချင်း စာနာမှုအကူအညီလိုအပ်

*၂၀၁၅ ခုနှစ်တွင် ရခိုင်၊ ကချင်နှင့်ရှမ်းမြောက်မှ လူ ၅၀၀,၀၀၀ ကျော် အား လူသားချင်း စာနာမှု အကူအညီ ပေးရန် ဒေါ်လာ သန်း ၁၉၀ လိုအပ်*

**၂၀၁၅ ခုနှစ်တွင် လူသားချင်းစာနာမှုအကူအညီပေးရန် ဒေါ်လာ သန်း ၁၉၀ လိုအပ်**

၂၀၁၅ ခုနှစ်အတွက် မြန်မာနိုင်ငံလူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးစီမံကိန်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကုလသမဂ္ဂနှင့် လူသားချင်းစာနာမှုမိတ်ဖက်အဖွဲ့များသည် ရခိုင်၊ ကချင်နှင့် ရှမ်းမြောက်ရှိ ထိခိုက်လွယ်သူ ၅၃၆,၄၀၀ ဦးအား ကူညီရန် ဒေါ်လာ သန်း ၁၉၀ တောင်းခံထားသည်။ ယင်းတို့တွင် ထိုပြည်နယ်များအတွင်း နေရပ်စွန့်ခွာတိမ်းရှောင်နေရသူ ၂၄၀,၀၀၀ ဦးပါဝင်သည်။ ၎င်းတို့မှာ ကချင်ပြည်နယ်တွင် ၂၀၁၁ခုနှစ်က ပြန်လည်စတင်ခဲ့သော လက်နက်ကိုင်ပဋိပက္ခနှင့် ရခိုင်ပြည်နယ်တွင် ၂၀၁၂ ခုနှစ်က ဖြစ်ပွားခဲ့သော လူထုအသိုင်းအဝိုင်းကြား အကြမ်းဖက်မှုများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရသူများဖြစ်သည်။ ထိုဒေသများမှ ဒေသခံအသိုင်းအဝိုင်းများမှာ ဆက်လက်ဖြစ်ပွားဆဲ ပဋိပက္ခများကြောင့် ဆိုးဝါးစွာ ဒဏ်သင့်ခံနေရဆဲဖြစ်ပြီး အများအပြားမှာ လူသားချင်းစာနာမှုအကူအညီလိုအပ်နေဆဲဖြစ်သည်။

*ဘေးဒဏ်သင့် သူများ အားလုံး လူမျိုး၊ နိုင်ငံသား၊ ဘာသာ၊ ကျားမမခွဲဘဲ ၎င်းတို့လို အပ်သော အကူအညီနှင့် ကာကွယ်စောင့် ရှောက်မှုရစေရန် ဆောင်ရွက်နေ*

**ကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများနှင့် အသက်မွေးဝမ်းကျောင်းအထောက်အပံ့လိုအပ်**

မြန်မာနိုင်ငံအစိုးရနှင့်လက်တွဲ၍ ကုလသမဂ္ဂနှင့် NGO အဖွဲ့များသည် တိုင်းပြည်တွင်းရှိ ဘေးဒဏ်သင့်သူများ လူသားချင်းစာနာမှုအခြေခံမူများနှင့်အညီ လူမျိုး၊ နိုင်ငံသား၊ ဘာသာ၊ ကျားမမခွဲဘဲ ၎င်းတို့လိုအပ်သော အကူအညီနှင့် ကာကွယ်စောင့်ရှောက်မှုရစေရန် ဆောင်ရွက်သွားမည်။ ယင်းတို့တွင် အခြေခံ အစားအစာနှင့် အာဟာရအကူအညီပေးခြင်း၊ ထိခိုက်လွယ်သူများအတွက် ကာကွယ်စောင့်ရှောက်မှု စောင့်ကြည့်ရေးနှင့် ဝန်ဆောင်မှုများ ပိုမိုခိုင်မာအောင်ဆောင်ရွက်ခြင်း၊ ပညာရေးအခွင့်အလမ်းများကို ညီမျှစွာလက်လှမ်းမီစေခြင်း၊ ရေ/ပတ်ဝန်းကျင်သန့်ရှင်းရေး/ တစ်ကိုယ်ရည်သန့်ရှင်းရေးဝန်ဆောင်မှုများပေးအပ်ခြင်း၊ နေရပ်စွန့်ခွာတိမ်းရှောင်သူများ လုံလောက်သော မှီခိုရာနေရာရှိစေရေး၊ အသက်ကယ်ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ရေး၊ အသက်မွေးဝမ်းကျောင်းအခွင့်အလမ်း၊ သင်တန်းနှင့် အခြားဝန်ဆောင်မှုများကို လက်လှမ်းမီစေရေးတို့ ပါဝင်သည်။



ကချင်၊ လိုင်ဇာရှိ ဂျာယန် IDP စခန်းမှ ကျောင်းသားတစ်ဦး၊ ဖေဖော်ဝါရီ ၂၀၁၄။ ဓာတ်ပုံ - OCHA

ရခိုင်ပြည်နယ်တွင် နေရပ်စွန့်ခွာတိမ်းရှောင်မှု နှစ်နှစ်ကျော်နှင့် ကချင်ပြည်နယ်တွင် သုံးနှစ်ကျော်ကြာပြီးနောက် ရေရှည်အသုံးပြုရန် ဆောက်လုပ်ထားခြင်းမဟုတ်သော ယာယီမှီခိုရာနေရာများနှင့် အခြား

အဆောက်အအုံများမှာ ပြင်ဆင်ထိန်းသိမ်းအစားထိုးရန် လိုအပ်နေသည်။ အိမ်သာများ၊ ရေချိုးခန်းများနှင့် ရေပေးဝေသော နေရာများမှာလည်း လူများ သန့်ရှင်းသော သောက်သုံးရေ၊ အခြေခံဝန်ဆောင်မှုများကို လက်လှမ်းမီပြီး တစ်ကိုယ်ရည်သန့်ရှင်းရေး စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရန်အတွက် ပြင်ဆင်၊ အဆင့်မြှင့်ရန် လိုအပ်နေသည်။

**၂၀၁၅ တုံ့ပြန်မှုစီမံကိန်းသည် မြန်မာနိုင်ငံတွင် ကုလသမဂ္ဂ ကျယ်ပြန့်စွာ ဆောင်ရွက်မှု၏ အစိတ်အပိုင်းတစ်ခုဖြစ်**

၂၀၁၅ ခုနှစ် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေး စီမံကိန်းသည် မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးတည်ဆောက်မှု၊ ပြန်လည်ထူထောင်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများစသည့် ကျယ်ပြန့်သော လုပ်ငန်းများပါဝင်သော ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ ဆောင်ရွက်ချက်များ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

တုံ့ပြန်ရေးစီမံကိန်းသည် ဘေးဒဏ်သင့် အမျိုးသမီး၊ မိန်းကလေး၊ ယောကျာ်းလေးနှင့် အမျိုးသားများ ၏ ကွဲပြားသော အတွေ့အကြုံ၊လိုအပ်ချက်၊စွမ်းရည်နှင့် ဦးစားပေးလိုအပ်မှုများကို ဖော်ထုတ် တုံ့ပြန်ခြင်းဖြင့် ကျားမရေးရာကဏ္ဍအား အာရုံစိုက်ရန်လိုအပ်မှုကို အလေးပေးသည်။ လူသားချင်းစာနာမှု စီမံကိန်းရေးဆွဲရေးတွင် ပဋိပက္ခဂရုပြုသောချဉ်းကပ်မှုပုံစံများ ထည့်သွင်းစဉ်းစားရန် အရေးပါမှုကို မီးမောင်းထိုးပြသည်။ ထို့ပြင် ယင်းစီမံကိန်းသည် ဘေးဒဏ်သင့်သူများ၏အမြင်ကိုတောင်းခံပြီး ၎င်းတို့နှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက်ချမှတ်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွသော အခန်းကဏ္ဍမှ ပါဝင်စေခြင်းဖြင့်၊ ဘေးဒဏ်သင့်သူများအားတာဝန်ခံမှုကို ပိုမိုကောင်းမွန်စေရန်လိုအပ်မှုကို ဖော်ပြ ထားသည်။

တုံ့ပြန်ရေးစီမံကိန်းသည် လူထုအသိုင်းအဝိုင်းအားလုံး၏ ပိုမိုကျယ်ပြန့်သော ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်မှုများကို ထည့်သွင်းစဉ်းစားပြီး လူသားချင်းစာနာမှုလုပ်ငန်းများကို ပိုမိုကျယ်ပြန့်သောဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ထိရောက်စွာ ချိတ်ဆက်မိစေရန် ပြင်ဆင်ပေးသည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် သဘာဝဘေးကျရောက်နိုင်ချေအများဆုံးနိုင်ငံများအနက် တစ်ခုဖြစ်သည့်အလျောက် လူထုအသိုင်းအဝိုင်း၏ ပဋိပက္ခနှင့် ဘေးဒဏ်ခံနိုင်ရည်ကို ပိုမိုကောင်းမွန်စေပြီး နေရပ်စွန့်ခွာတိမ်းရှောင်သူများအတွက် အစောပိုင်းကာလပြန်လည်ထူထောင်ရေးနှင့် ရေရှည်ပြေလည်စေမည့် နည်းလမ်းများကို ပံ့ပိုးပေးရေးတို့မှာ ၂၀၁၅ ခုနှစ်အတွက် မဟာဗျူဟာ ဦးစားပေးလုပ်ငန်းများ ဖြစ်သည်။

# ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးပိုမိုအားကောင်းစေခြင်း

*၂၀၁၅ ခုနှစ်တွင် အရေးပေါ်စီမံခန့်ခွဲရေး စင်တာ စတင် ဆောက်လုပ်၊ ဝန်ထမ်း ခန့်ထားရန် အစိုးရက ရန်ပုံငွေ အတည်ပြု ပြီးဖြစ်*

**နေပြည်တော်တွင် အရေးပေါ်စီမံခန့်ခွဲရေးစင်တာ အစိုးရ ဖွင့်လှစ်**

ဒီဇင်ဘာ ပထမပတ်တွင် မြန်မာနိုင်ငံအစိုးရက အရေးပေါ်စီမံခန့်ခွဲရေးစင်တာ၏ အခန်းကဏ္ဍနှင့် လုပ်ငန်းများကို ဖော်ထုတ်သတ်မှတ်ရန် နေပြည်တော်တွင် ငါးရက်ကြာ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့သည်။ အရေးပေါ်စီမံခန့်ခွဲရေးစင်တာတွင် သတင်းအချက်အလက်နှင့် ရင်းမြစ် စီမံခန့်ခွဲမှု အပါအဝင် မြန်မာနိုင်ငံရှိ အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို ပံ့ပိုးပေးရန် ပစ္စည်းကိရိယာ၊ ဝန်ထမ်းနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲရေးစနစ်များ ရှိမည်ဖြစ်သည်။

၂၀၁၅ ခုနှစ်တွင် အရေးပေါ်စီမံခန့်ခွဲရေးစင်တာ စတင်ဆောက်လုပ်ရန်၊ ဝန်ထမ်းခန့်ထားရန် အစိုးရက ရန်ပုံငွေ အတည်ပြုပြီးဖြစ်သည်။ အရေးပေါ်စီမံခန့်ခွဲရေးစင်တာသည် အင်ဒိုနီးရှား၊ ဂျကာတာ အခြေစိုက် အာဆီယံ လူသားချင်းစာနာမှုဆိုင်ရာအကူအညီများ ပေါင်းစပ်ညှိနှိုင်းရေးဌာန(AHA)နှင့် ချိတ်ဆက်ထားပြီး အစပိုင်းတွင် ရာသီဥတုအခြေအနေများစောင့်ကြည့်မှုကို အလေးပေးသွားမည်။ အမေရိကန်

ပြည်ထောင်စု အကူအညီပေးရေးနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ (USAID)၊ ကုလသမဂ္ဂ လူသားချင်း စာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံးနှင့် ဂျပန် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) တို့က နိုင်ငံတကာ လူသားချင်းစာနာမှု တုံ့ပြန်ရေးစနစ်နှင့် အစိုးရ၏ တုံ့ပြန်ရေးစနစ်တို့ ဘက်ညီစေရန် အရေးပေါ်စီမံခန့်ခွဲရေးစင်တာ တည်ထောင်ရာတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီဌာနကို အကူအညီများပေးအပ်ထားသည်။ အလုပ်ရုံဆွေးနွေးပွဲမှ အကြံပြုချက်များတွင် မြန်မာနိုင်ငံ သဘာဝဘေး စီမံခန့်ခွဲရေးစနစ်နှင့် နိုင်ငံတကာလူသားချင်း စာနာမှုအဖွဲ့များကြား ပေါင်းစပ်ညှိနှိုင်းရေးစနစ်များကို သတ်မှတ်ထားရန်တို့ ပါဝင်သည်။

**ဇွန်-စက်တင်ဘာ ၂၀၁၄ သဘာဝဘေးဒဏ်သင့်သူများ**




**၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံအနှံ့ ရေကြီးမှုကြောင့် လူသောင်းကျော် ဘေးဒဏ်သင့်**

*၂၀၁၄ ခုနှစ်၊ ဇွန်မှ စက်တင်ဘာ မိုးရာသီတွင် လူသောင်းနှင့် ချီ၍ ရေကြီးမှု၊ မြေပြိုမှုနှင့် အခြားသဘာဝဘေး ဒဏ်များ ခံခဲ့ရ*

ပုံမှန်ဖြစ်ပွားသော ရေကြီးမှု၊ လေပြင်းတိုက်ခတ်မှု၊ မြေပြိုမှုနှင့် အခြား သဘာဝဘေးများက သဘာဝဘေး ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ပိုမိုအားကောင်းစေရေးနှင့် ပြည်တွင်းနှင့် နိုင်ငံတကာ တုံ့ပြန်သူများအကြား ပိုမိုပူးပေါင်းဆောင်ရွက်ရေး အရေးပါမှုကိုဖော်ပြနေသည်။ မြန်မာနိုင်ငံ အစိုးရ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန(RRD)၏ ထုတ်ပြန်ချက်အရ ၂၀၁၄ ခုနှစ်၊ ဇွန်မှ စက်တင်ဘာ မိုးရာသီတွင် လူသောင်းနှင့်ချီ၍ ရေကြီးမှု၊ မြေပြိုမှုနှင့် အခြားသဘာဝဘေးဒဏ်များ ခံခဲ့ရသည်။

ဇွန်လတွင် မကွေးနှင့် ဧရာဝတီတို့၌ မြစ်ကမ်းပါးပြိုကျမှုကြောင့် ခန့်မှန်းခြေ လူ ၁,၀၀၀ ဘေးဒဏ်သင့်ခဲ့သည်။ ဇူလိုင်လတွင် နေရာအများအပြား၌ ရေကြီးမှု၊ လေပြင်းတိုက်ခတ်မှု၊ မုန်တိုင်းများကြောင့် လူ ၅,၇၀၀ ခန့် ဘေးဒဏ်သင့်ခဲ့သည်။ RRD ၏ ထုတ်ပြန်ချက်အရ ဩဂုတ်လတွင် ရေကြီးမှုနှင့် ရာသီဥတု ဆိုးဝါးမှုကြောင့် ဘေးဒဏ်သင့်သူ အရေအတွက်အများဆုံးဖြစ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးမှုကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ရှစ်ခုတွင် လူ ၆၀,၀၀၀ ကျော် ဘေးဒဏ်သင့်ခဲ့သည်။ ဤ ကိန်းဂဏန်းသည် စက်တင်ဘာလထုတ် လူသားချင်းစာနာမှုသတင်းလွှာတွင် အစီရင်ခံခဲ့သော လူ ၃၆,၀၀၀ ထက် သိသာစွာ ပိုမိုများပြားသည်။ ဤသို့တိုးလာမှုမှာ ထိုအစီရင်ခံစဉ်အချိန်က ဒေသအချို့မှ ကိန်းဂဏန်းများ မရရှိသေးသည့်အတွက် ဖြစ်သည်။ စက်တင်ဘာလတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး ခုနစ်ခုတွင် လူ ၁၂,၇၀၀ ကျော် ရေကြီးမှု ဒဏ်ခံခဲ့ရသည်။

ဖြစ်စဉ်အများစုတွင် ရေကြီးမှုကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်ရသူများသည် ရက်ပိုင်းအတွင်းအိမ်ပြန်နိုင်ခဲ့ပြီး၊ဒေသခံ အစိုးရအာဏာပိုင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့တို့ကအကူအညီများပေးအပ်ခဲ့သည်။

# ၂၀၁၄ ခုနှစ် လူသားချင်းစာနာမှုဆိုင်ရာ ရန်ပုံငွေ

၂၀၁၄ ဒီဇင်ဘာအကုန်တွင် မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂနှင့် မိတ်ဖက်အဖွဲ့များ၏ ၂၀၁၄ မဟာဗျူဟာ တုံ့ပြန်ရေးစီမံကိန်း အကောင်အထည်ဖော်ရေးအတွက် တောင်းဆိုထားသော အမေရိကန်ဒေါ်လာ ၁၉၂သန်းအနက်၊ဒေါ်လာ ၁၁၃.၂သန်း သို့မဟုတ် ၅၉ရာခိုင်နှုန်းရရှိခဲ့သည်။ ထို့ပြင် ကုလသမဂ္ဂ ဘဏ္ဍာရေးအချက်အလက် ခြေရာခံရေးဝန်ဆောင်မှု (Financial Tracking Service) အရ မြန်မာနိုင်ငံ လူသားချင်း စာနာမှု စီမံကိန်းများ အတွက် နောက်ထပ် ဒေါ်လာ ၅၁.၇ သန်း ပေးအပ်ထားပြီး ယင်း

*၂၀၁၄ ခုနှစ်တွင် ကုလသမဂ္ဂ အရေးပေါ်တုံ့ပြန်ရေးဗဟို ရန်ပုံငွေမှ မြန်မာနိုင်ငံသို့ ဒေါ်လာ ၅.၅ သန်း ပေးအပ်ခဲ့*

တို့မှာ ၂၀၁၄ မဟာဗျူဟာတုံ့ပြန်ရေးစီမံကိန်းတွင် အားလုံး ပါဝင်ခြင်းမရှိပေ။ ရန်ပုံငွေများကို ရခိုင်၊ ကချင်နှင့် ရှမ်းမြောက်ရှိ အမျိုးသမီး၊ မိန်းကလေး၊ ယောကျာ်းလေးနှင့် အမျိုးသားများ လိုအပ်သည့် အသက်ကယ် အစားအစာ၊ မှီခိုရာနေရာ၊ ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေး လုပ်ငန်းများ၊ အရေးပေါ်ကျန်းမာရေး၊ ပညာရေးနှင့် ကာကွယ် စောင့်ရှောက်ရေး ဝန်ဆောင်မှုများ အတွက် ပေးအပ်ခဲ့သည်။




၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံရှိ လူသားချင်းစာနာမှုလုပ်ငန်းများအတွက် အလှူရှင်များပေးအပ်သည့် ဒေါ်လာ ၁၆၃.၅ သန်းအနက် အများဆုံးလှူဒါန်းသော ဆယ်ဦးမှာ၊ ECHO၊ အမေရိကန်ပြည်ထောင်စု၊ ဗြိတိသျှနိုင်ငံ၊ ဂျပန်၊ ဩစတြေးလျ၊ ဂျာမနီ၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ကုလသမဂ္ဂ အရေးပေါ် တုံ့ပြန်ရေး ဗဟိုရန်ပုံငွေနှင့် ဒိန်းမတ်တို့ ဖြစ်သည်။

**ကုလသမဂ္ဂ အရေးပေါ်တုံ့ပြန်ရေးဗဟိုရန်ပုံငွေနှင့် အရေးပေါ်တုံ့ပြန်ရေးရန်ပုံငွေ ခွဲဝေပေးမှုများ**

၂၀၁၄ ခုနှစ်တွင် ကုလသမဂ္ဂ အရေးပေါ်တုံ့ပြန်ရေးဗဟိုရန်ပုံငွေမှ မြန်မာနိုင်ငံသို့ ဒေါ်လာ ၅.၅ သန်း ပေးအပ်ခဲ့သည်။ ရန်ပုံငွေများသည် အစားအစာ၊ မှီခိုရာနေရာ၊ ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး၊ ပညာရေး၊ အာဟာရ၊ ကျန်းမာရေး၊ အစောပိုင်းကာလပြန်လည်ထူထောင်ရေး (စိုက်ပျိုးရေး) နှင့် ကာကွယ်စောင့်ရှောက်ရေးကဏ္ဍများမှ အရေးပေါ် လူသားချင်းစာနာမှု လိုအပ်ချက်များကို ထောက်ပံ့ပေးခဲ့သည်။

ထို့ပြင် ကုလသမဂ္ဂ ပြည်တွင်းအခြေစိုက် အရေးပေါ်တုံ့ပြန်ရေးရန်ပုံငွေမှလည်း ရခိုင်၊ ကချင်၊ ရှမ်းမြောက်မှ ဘေးဒဏ်သင့်သူများအား ကူညီရန် ပြည်တွင်းနှင့် နိုင်ငံတကာ NGO များအား တစ်နှစ်အတွင်း စီမံကိန်း ဆယ်ခုအတွက် ဒေါ်လာ ၃.၁ သန်း ပေးအပ်ခဲ့သည်။ အရေးပေါ်တုံ့ပြန်ရေးရန်ပုံငွေမှ ထောက်ပံ့ပေးသော လူသားချင်းစာနာမှု စီမံကိန်းများသည် ရခိုင်တွင် ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာရေး လုပ်ငန်းများ၊ ကချင်နှင့် ရှမ်းမြောက်တွင် ကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများ၊ ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို ထောက်ပံ့ပေးခဲ့သည်။ အရေးပေါ် တုံ့ပြန်ရေး ရန်ပုံငွေ စီမံကိန်းများသည် စုစုပေါင်း လူ ၁၉၂,၀၀၀ ဦးအား ဦးတည်ထောက်ပံ့ခဲ့သည်။

**အရေးပေါ်တုံ့ပြန်ရေး ဗဟိုရန်ပုံငွေ (CERF) နှင့် အရေးပေါ်တုံ့ပြန်ရေး ရန်ပုံငွေ (ERF) ၂၀၁၄**




ထပ်မံ သိရှိလိုပါက အောက်ပါတို့ကို ဆက်သွယ်ပါ။

အီဗာ မော့ဒ်ဗစ်
အစီရင်ခံရေးအရာရှိ
အီးမေးလ် - modvig@un.org
ဖုန်း - (+၉၅) ၉ ၄၂၀ ၂၇၅ ၈၇၇

ဖျဲ ပယ်ရွန်
ပြန်ကြားဆက်သွယ်ရေးအရာရှိ
အီးမေးလ် - peronp@un.org
ဖုန်း - (+၉၅) ၉ ၂၅၀ ၁၉၈ ၉၉၇

OCHA လူသားချင်းစာနာမှု သတင်းလွှာကို www.reliefweb.int တွင် ရယူနိုင်သည်။

United Nations OCHA Facebook
www.facebook.com/OCHAMyanmar